UNHCR
The UN Refugee Agency

# THAILAND

15- 28 February 2019

## MEDIA MONITORING REPORT # 201

## စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

**UNHCR ၏ ပံ့ပိုးကူညီပေးမှုနှင့်အတူ မြန်မာဒုက္ခသည်တတိယအဖွဲ့ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်အခြေချ**

UN ဒုက္ခသည်များဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် UNHCR နှင့်၎င်း၏မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီပေးမှုနှင့်အတူ တော်ဝင်ထိုင်းအစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဦးဆောင်မှုဖြင့် ဆန္ဒအလျောက်နေရပ်သို့ ပြန်လည်အခြေချခြင်းလုပ်ငန်း၏တစိတ်တပိုင်းအနေဖြင့် ထိုင်းနိုင်ငံရှိ ဒုက္ခသည် ၅၀၀ကျော်သည် ယခုရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းသို့ နေရပ်ပြန်နိုင်တော့မည်ဖြစ်သည်။ နေရပ်ပြန်ရာတွင် ယခုအဖွဲ့သည် တတိယအကြိမ်မြောက်ဖြစ်ပြီး ထိုင်းနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာ ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီးနောက် ၎င်းတို့၏မူရင်းနေရပ်နိုင်ငံ၌ ၎င်းတို့၏ဘဝများကို ပြန်လည်ထူထောင်ရန်အတွက် နေရပ်ပြန် ဒုက္ခသည်များအား ပံ့ပိုးပေးသည့် အခွင့်အရေးတစ်ရပ်ဖြစ်သည်။




ဒုက္ခသည်များသည် နယ်စပ်ဒုက္ခသည်စခန်း□၅□ခုမှ ထွက်ခွာလာကြမည်ဖြစ်ပြီး ထိုင်းနိုင်ငံမှနယ်စပ်ဖြတ်ကျော်ကာ မြန်မာနိုင်ငံအတွင်းရှိ ကရင်နှင့် ကယားပြည်နယ်သို့ ဝင်ရောက်လာကြမည်ဖြစ်သည်။ မြန်မာအာဏာပိုင်များမှ ၎င်းတို့အား နယ်စပ်တွင် ကြိုဆိုလက်ခံပြီးနောက် ဒုက္ခသည်များသည် ပြန်လည်ကြိုဆိုရေးစခန်းများသို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်သည်၊ထိုကြိုဆိုလက်ခံရေးစခန်းများတွင် လူဝင်မှုကြီးကြပ်ရေးမှ ၎င်းတို့အား စာရွက်စာတမ်းများ ပံ့ပိုးပေးခြင်းနှင့် ဆေးစစ်ခြင်းအပါအဝင် ၎င်းတို့အား အထောက်အပံ့များလည်း ပေးအပ်မည်ဖြစ်သည်။ ထိုမှတဆင့် ၎င်းတို့၏နောက်ဆုံးနေရပ်နေရာများဆီသို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်သည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် တိုးတက်ကောင်းမွန်လာသည့်အခြေအနေများကြောင့် နေရပ်သို့ ဘေးကင်းလုံခြုံစွာ၊ဂုဏ်သိက္ခာရှိစွာဖြင့် ပြန်ချင်သောဒုက္ခသည်များကို ကူညီပေးသည့်အနေဖြင့် UNHCR သည် ၂၀၁၆ ခုနှစ်နှောင်းပိုင်းတွင် စတင်လုပ်ဆောင်လာသည့် အစိုးရဦးဆောင်သော ထိုလုပ်ငန်းစဉ်ကို ကူညီပံ့ပိုးပေးခဲ့သည်။

UNHCR နှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများသည် ဒုက္ခသည်များအား ၎င်းတို့ ပြန်မည့်နေရာဒေသ၏အခြေအနေများကို အကြံပြုဆွေးနွေးပေးခဲ့သည်။ ၎င်းတို့သည် လမ်းခရီးသယ်ယူပို့ဆောင်ရေးနှင့် ကနဦးပြန်လည်ပေါင်းစည်းရေးအထောက်အပံ့များလည်း လက်ခံရရှိခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၈ ခုနှစ် မေလ၌ ယခုကဲ့သို့ ပံ့ပိုးကူညီပေးမှုဖြင့်နေရပ်ပြန်ရာတွင် ထိုင်းနိုင်ငံမှ ဒုက္ခသည် ၁၆၄ ဦးနေရပ်ပြန်လည်အခြေချခဲ့ပြီး UNHCR မှ ပစ္စုပ္ပန်ကာလ မြန်မာနိုင်ငံထဲတွင် ၎င်းတို့ ပြန်လည်ပေါင်းစည်းနေထိုင်နေပုံနှင့် ဘဝ အပြောင်းအလဲများကို ဆက်လက်၍လှည့်လည်စောင့်ကြည့်နေမည်ဖြစ်သည်။

အိမ်ရှင်အသိုင်းအဝိုင်းမှ နေရပ်ပြန်များအား နွေးထွေးလှိုက်လဲစွာ အသိအမှတ်ပြုလက်ခံခဲ့ကြပြီး UNHCR နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် လူထုအခြေပြုစီမံကိန်းများ အကောင်အထည်ဖော်ပေးခြင်းများမှတဆင့် ပြန်လည်ပေါင်းစည်းရေးအတွက် အားထုတ်ကြိုးပမ်းမှုများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်သည်။ ထိုသို့အစပြုလုပ်ဆောင်မှုများသည် အသိုင်းအဝိုင်းတစ်ခုချင်းစီ၏လိုအပ်မှုများကို အံ့ခွင်ဝင်ကျဖြစ်ခဲ့ပြီး အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ပံ့ပိုးပေးရန် စီစဉ်ခြင်း၊ အခြေခံအရပ်သားဝန်ဆောင်မှုများရရှိစေရန် ကူညီပေးခြင်းနှင့် အသိုင်းအ

ဝိုင်းအခြေခံအဆောက်အအုံများနှင့်ပတ်သက်၍ ရရှိလာသောဖိအားများ ဖြေလျှော့သက်သာစေရန်လည်း ကူညီပေးနေသည်။

“ထိုင်းနိုင်ငံက အိမ်ရှင်ကောင်းပီသတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ဒုက္ခသည်တွေကို နှစ်ပေါင်းများစွာ လက်ခံပေးခဲ့ပါတယ်။ ပံ့ပိုးပေးမှုတွေနဲ့ ပြန်သွားတဲ့ အခုနောက်ဆုံးဖြစ်ရပ်ဟာ မြန်မာနိုင်ငံကို ဘေးကင်းကင်း၊ ဂုဏ်သိက္ခာရှိရှိပြန်ချင်တဲ့ ဒုက္ခသည်တွေကို အားပေးတိုက်တွန်းရာခြေလှမ်းတစ်ခု ဖြစ်လာပါတယ် ” ဟု UNHCR၏ ဒေသကြီးဆိုင်ရာကိုယ်စားလှယ်နှင့် အရှေ့တောင်အာရှညှိနှိုင်းရေးမှူးဖြစ်သူ James Lynch က ပြောကြားခဲ့သည်။

“ဒုက္ခသည်အခြေအနေ အဆုံးသတ်နိုင်ရေးအတွက် ရေရှည်အဖြေရှာ ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေကို ကျွန်တော်တို့ဆက်လက်ကိုယ်စားပြုဆောင်ရွက်သွားမှာဖြစ်ပြီး ထိုင်းနိုင်ငံထဲမှာ ဒီကြာရှည်နေပြီဖြစ်တဲ့ နေရပ်စွန့်ခွာထွက်ပြေးလာမှုတွေနဲ့ စခန်းချမှုတွေအတွက် ဆက်လက်ကိုယ်စားပြု ဆောင်ရွက်သွားပါမယ်။”

လက်ရှိတွင် ထိုင်း- မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်း ၉ ခုတွင် မြန်မာနိုင်ငံမှလာသည့် ဒုက္ခသည် ၉၇၀၀၀ ကျော် နေထိုင်လျှက်ရှိပြီး အများစုမှာ ကရင်နှင့် ကရင်နီ တိုင်းရင်းသားများဖြစ်ကြသည်။

https://www.unhcr.or.th/en/news/general/pr/third-group-of-myanmar-refugees-return-home-from-thailand-with-unhcr-support

## ထိုင်း- မြန်မာချစ်ကြည်ရေးတံတားနံပါတ်( ၂) ဧပြီလတွင် ဖွင့်လှစ်မည်

Eleven Myanmar, 23 February 2019

ထိုင်း-မြန်မာချစ်ကြည်ရေးတံတား(မြဝတီ-မဲဆောက်)နံပါတ်□၂□ကို ဧပြီလ ပထမအပတ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များအရ သိရသည်။



တံတားသစ်ဆောက်လုပ်ရခြင်း၏ရည်ရွယ်ချက်မှာ အများပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန်ဖြစ်ပြီး ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ထိုင်း၊ ဗီယက်နမ်နှင့် တရုတ် စသည်ဖြင့် မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင် ၆ နိုင်ငံအတွင်း ကုန်ပစ္စည်းများနှင့် ယာဉ်ခရီးသွားလာမှု အဆင်ပြေစေရန်အတွက် ပံ့ပိုးပေးရန်ဖြစ်သည်။

မဲဆောက်မြို့ရှိ သောင်ရင်းမြစ်ကို ဖြတ်ကျော်ကာဆောက်လုပ်ထားသည့် ချစ်ကြည်ရေးတံတားနံပါတ်□၂□ဖွင့်လှစ်ရန် ရည်ရွယ်၍ နှစ်ဖက်အာဏာပိုင်များမှ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး ဧပြီလ ၃ ရက်မှ ၅ ရက်နေ့အထိ တံတားဖွင့်လှစ်ရန် သဘောတူညီခဲ့ကြသည်။

ထိုင်းအင်ဂျင်နီယာများသည် တံတားဆောက်လုပ်ရေးစီမံကိန်းကို ၂၀၁၅ ဩဂုတ်လတွင် စတင်ခဲ့ကြပြီး တံတားသည် မြန်မာဘက်တွင် ၄ ကီလိုမီတာရှည်လျားပြီး ထိုင်းဘက်တွင် ၁၇ ကီလိုမီတာရှည်လျားသည်။ ကုန်ကျစရိတ်မှာ ထိုင်းဘတ် ၄ ဘီလီယံကျော် ရှိသည်။

ထိုင်း-မြန်မာချစ်ကြည်ရေးတံတားနံပါတ်□၂□စီမံကိန်းသည် နိုင်ငံတော်အဆင့်စီမံကိန်းဖြစ်သည်။ နိုင်ငံခြားသားအင်ဂျင်နီယာများမှ နိုင်ငံတကာအဆင့်အတန်းနှင့်အညီရေးဆွဲထားသည့် စီမံကိန်းဖြစ်သည်။ တံတားတည်ဆောက်ရာလမ်းသည် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် ကဲ့သို့ မဟာမဲခေါင်ဒေသကြီးနိုင်ငံများနှင့် ချိတ်ဆက်ထားသည့် မဟာဗျူဟာလမ်းမကြီးဖြစ်သည်။တံတားဆောက်လုပ်ရာတွင် ဖယ်ရှားခံရသည့် အိမ်များ၊ အဆောက်အဦးများနှင့် လယ်ယာမြေများအတွက် အစိုးရက လျော်ကြေးငွေပေးခဲ့သည်။

မြဝတီနယ်စပ်မြို့သို့ဝင်ရောက်ရန်နှင့် ဘားအံ၊ ရန်ကုန်၊ ပုသိမ်သို့ ဆက်လက်ခရီးသွားရန်အတွက် ထိုင်း- မြန်မာချစ်ကြည်ရေးတံတားနံပါတ်( ၂) ပေါ်သို့ လူများ၊ ယာဉ်များနှင့် ကုန်ပစ္စည်းများအား ဖြတ်သန်းခွင့်ပြုမည်ဖြစ်သည်။

https://elevenmyanmar.com/news/myanmar-thai-to-open-no2-friendship-bridge-in-aprilည

## ညောင်ချောင်းသာကမ်းခြေအား ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်

The Global New Light of Myanmar, 21 February 2019

ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်အနောက်ဘက်ရှိ ရန်ကင်းစင်ရာကျေးရွာ၌ လွန်ခဲ့သောခြောက်နှစ်ခန့်ကပင် လှပသောရေချိုးရာ အရပ်အဖြစ် တည်ရှိနေသည့် သဘာဝကျကျကမ်းခြေတစ်ခုဖြစ်သော ညောင်ချောင်းသာကမ်းခြေကို ယခုနှစ်ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် တရားဝင်ဖွင့်လှစ်မည်ဖြစ်သည်။



"ညောင်ချမ်းသာကမ်းခြေက မြန်မာနိုင်ငံက ထင်ရှားတဲ့ကမ်းခြေတွေထဲမှာ တခုအပါအဝင်ပဲဖြစ်ပါတယ်။ ရေထဲမှာစွန့်စားမှုတွေ ပြုလုပ်နိုင်ဖို့ လာရောက်လည်ပတ်သူတွေအတွက် ဘေးကင်းတဲ့ အစီအမံအချို့ကိုလည်း ကျွန်တော်တို့ ပြုလုပ်ထားပါတယ်၊ ကမ်းခြေထိ ကားဝင်ရောက်နိုင်ပါတယ်။ ဝင်ခ၊ ဟိုတယ်အခန်းငှားခနဲ့ အစားအစာနဲ့ ထိုင်ခုံတွေအတွက် ဈေးနှုန်းကိုလည်း ကျွန်တော်တို့ ပြန်လည်ပြင်ဆင်ထားပါတယ်။ ကမ်းခြေကို ဒီနှစ်ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာ တရားဝင်ဖွင့်ပါမယ်" ဟု ညောင်တုန်းမြို့နယ် စည်ပင်သာယာကော်မတီဥက္ကဋ္ဌဖြစ်သူ ဦးအောင်မျိုးဝင်းကပြောသည်။

"၂၀၁၃ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တဲ့ ညောင်ချောင်းသားကမ်းခြေကျွန်းမှာ ခရီးသွားရာသီအတွင်း လာရောက်လည်ပတ်သူတွေနဲ့ နှစ်စဉ် ပြည့်နှက်နေပါတယ်။ ကမ်းခြေကိုလာရောက်လည်ပတ်သူအရေအတွက် နှစ်စဉ်တိုးတိုးလာပါတယ်။ "

ကော်မတီသည် ကမ်းခြေဝန်းကျင်တွင် ဖွင့်လှစ်ရန်အတွက် စားသောက်ဆိုင်အလုံး ၅၀ ကို ဆောက်လုပ်ခဲ့သည်။ လာရောက်လည်ပတ်သူများသည် လေကောင်းလေသန့်ရှူပြီး ရေဆင်းကူးနိုင်သလို ကမ်းခြေရှိ လတ်ဆတ်သောအစားအစာများကိုလည်း မှာယူစားသုံးနိုင်သည်။

ပြည်တွင်းပြည်ပဧည့်သည်များသည် ချောင်းသာနှင့်ငွေဆောင်ကမ်းခြေလောက်ကုန်ကျမှုမများသည့် ညောင်ချောင်းသာကမ်းခြေသို့ လာရောက်ကြသေည်။ ထို့ပြင် ကမ်းခြေသည် ရန်ကုန်မှ ကားဖြင့်လာလျှင်တစ်နာရီသာ အချိန်ကြာမြင့်သည်။

http://www.globalnewlightofmyanmar.com/nyaung-chaungtha-beach-to-be-opened-on-23-feb/

## ချင်းပြည်နယ်၏ ပထမဆုံးသော ဖလမ်းလေဆိပ် ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်မည်

Myanmar Times, 27 February 2019

ချင်းပြည်နယ်၏ ပထမဦးဆုံးသော လေဆိပ်ဖြစ်လာမည့် ဖလမ်း (ဆူရ်ဘုန်) လေဆိပ်ကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ဖွင့်လှစ်နိုင်မည်ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်က ပြောသည်။



အဆိုပါ လေဆိပ်အသစ် တည်ဆောက်ခြင်း စီမံကိန်းကို မူလစီမံကိန်း အစီအစဉ်အရ ငါးနှစ် တည်ဆောက်ရန် လျာထားပြီး ၂၀၂၁- ၂၂ ဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည်။ သို့သော် ပြီးခဲ့သည့်လက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတတို့က ယင်းစီမံကိန်းကို ၂၀၂၀ စက်တင်ဘာလ နောက်ဆုံးဖွင့်လှစ်ချင်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ပြည်ထောင်စုဝန်ကြီးအား ညွှန်ကြားခဲ့သည်ဟု ၎င်းက ဆိုသည်။

ချင်းပြည်နယ်၏ အဆိုပါလေဆိပ်တည်ဆောက်မှု လုပ်ငန်းစီမံကိန်းကို နိုင်ငံတော် ဘတ်ဂျက်ဖြင့် ၂၀၁၅- ၁၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းစတင်ခဲ့ပြီး ငါးနှစ် စီမံကိန်းဖြင့် နှစ်စဉ် ကျပ်သန်း ၅၀၀၀ တောင်းခံ၍ ဆောက်လုပ်ရန် လျာထားခဲ့သည်။ လေဆိပ်သစ်ဆောက်လုပ်ရေး စီမံကိန်းကို ဖလမ်းမြို့နယ်ရှိ မြေဧက ၁၄၂၈၉ ဒသမ ၅ ဧကပေါ်တွင် လေယာဉ် ပြေးလမ်း အလျားပေ ၆၄၀၀၀၊ အကျယ်ပေ ၁၀၀ တည်ဆောက်မည်ဖြစ်သည်။လေယာဉ်ကွင်းတည်ဆောက်မှု ပြီးစီးသွားပါကနေ ပြည်တော်၊ ရန်ကုန်သို့ နာရီပိုင်းအတွင်း ရောက်ရှိမည်ဖြစ်သည့်အတွက် အချိန်ကုန်သက်သာခြင်း၊ လူပင်ပန်းမှု သက်သာကာ ခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဟောင်း ဆလိုင်းအိုက်ဇက်ခင်က ပြောသည်။

https://www.mmtimes.com/news/airport-chin-state-open-september-2020.html

## လပွတ္တာမြို့တွင် အသက်မွေးဝမ်းကျောင်းတိုးတက်ကောင်းမွန်စေရန် NGO နှင့် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မည်

Myanmar Times, 19 February 2019

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်ရှိ တောင်သူလယ်သမားများ၏အသက်မွေးဝမ်းကျောင်းမှုတိုးတက်ကောင်းမွန်စေရန်ရည်ရွယ်၍ မြန်မာ့သြဘာအဖွဲ့၊ Mercy Corps နှင့် Golden Sunland တို့သည် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းသည်။

စီမံကိန်းသည် လယ်သမားများ၏ဝင်ငွေတိုးလာစေရန်ရည်ရွယ်ပြီး အစိုးရမဟုတ်သည့်နိုင်ငံတကာအဖွဲ့အစည်း(NGO)ဖြစ်သည့် Mercy Corp မှ မြန်မာနိုင်ငံတွင် လွန်ခဲ့သော ၁၀ နှစ်ကျော်က ဆိုက်ကလုန်း၊ နာဂစ်ဖြစ်ပွားခဲ့သည့် လပွတ္တာမြို့ကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် လူသားချင်းစာနာထောက်ထားသည့်အစီအစဉ်အနေဖြင့် ကနဦးအစပြုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

စီမံကိန်းသည် အားလုံးအား အကျိုးရရှိစေမည်ဖြစ်သည်။ မြန်မာ့စိုက်ပျိုးရေးဦးဆောင်ကုမ္ပဏီမှ အရောင်းပစ္စည်းများဖြန့်ဖြူးပေးမည်ဖြစ်ပြီး စင်ကာပူအခြေစိုက် စိုက်ပျိုးရေးကုမ္ပဏီဖြစ်သည့် Golden Sunland က အဆင့်မြင့်အရည်အသွေးမီစပါးကို ဝယ်ယူမည်ဖြစ်ပြီး နောက်ဆုံးတွင် လယ်သမားများမှာ ဝင်ငွေပိုမို ရှာဖွေ လာနိုင်မည်ဖြစ်သည်။

အစေ့မှ ရိတ်သိမ်းသည်အထိ တာဝန်ယူမြှင့်တင်ပေးသည့် Golden Sunland ကုမ္ပဏီသည် လပွတ္တာစပါးစိုက်တောင်သူများထံမှ ကောင်းမွန်သည့်အလေ့အကျင့်အပေါ်မူတည်၍ ကြီးထွားလာသည့်စပါးများကို လက်ရှိဈေးကွက်ပေးသည့်နှုန်းထက် ပိုများပြားသည့် ဈေးနှုန်းဖြင့် ဝယ်ယူရန် စိုက်ပျိုးရေးသဘောတူညီမှု စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ကုမ္ပဏီသည် အဆိုပါဝယ်ယူထားသည့်စပါးများကို ပြည်ပသို့တင်ပို့ရောင်းချမည်ဖြစ်သည်။

လက်ရှိတွင် လယ်သမား ၄၀ ယောက်နှင့် မိသားစုများသည် လပွတ္တာ၌ စီမံကိန်းအောက်ရှိ ဧက ၂၀၀ တွင် လယ်လုပ်ကိုင်လျက်ရှိသည်။ စီမံကိန်းအား ၎င်းတို့၏အသက်မွေးဝမ်းကျောင်းကို ၃၀ ရာခိုင်နှုန်း ကောင်းမွန်လာစေမည်ဟု မျှော်မှန်းထားသည်။ ထိုသို့ အောင်မြင်လာပါက အဲန်ဂျီအိုနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှု၏ ထိရောက်သောပြရုဒ်တရပ်လည်းဖြစ်လာမည်ဖြစ်သည်။

HTTPS://WWW.MMTIMES.COM/NEWS/NGO-PRIVATE-SECTOR-COOPERATES-IMPROVE-LIVELIHOODS-LABUTTA.HTML

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှYangon City Gallery ဖွင့်လှစ်

Myanmar Times, 26 February 2019

အိမ်ရာအတွက် အခက်အခဲဖြစ်နေသူများ အတွက်Yangon City Gallery သည် လာရောက်တိုင်ပင်ဆွေးနွေး၍ရသည့်နေရာ တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုး မင်းသိန်းက ပြောသည်။




"နေရေးထိုင်ရေး အခက်အခဲဖြစ်နေတဲ့သူတွေကို အစိုးရက ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးမလဲဆိုတဲ့ ကဏ္ဍအတွက် ဒီအဆောက်အအုံ ဒီနေရာလေးကို ဖွင့်လှစ်ရတာဖြစ်ပါတယ်။ သူတို့မိသားစုဘဝတွေအတွက် သူတို့ရဲ့ အိပ်မက်တွေကို ဒီနေရာမှာ မက်ခွင့် ရမှာ ဖြစ်ပါတယ်"ဟု ဦးဖြိုးမင်းသိန်းက ဆိုသည်။

Yangon City Gallery ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနရုံး မြေညီထပ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအဆောက်အအုံကို ပြင်ဆင်ဆောင်ရွက်နေသည်မှာ ခြောက်လခန့်ရှိနေပြီဖြစ်ပြီး အစိုးရမှ ထုတ်လုပ်ရောင်းချမည့် အိမ်ရာများ၏ တန်ဖိုးများ၊ နေရာများ၊ အခြေအနေများကို လေ့လာစုံ

စမ်းနိုင်ရန် ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

" ဒီနေရာကနေ အိမ်ရာတွေကို ထုတ်လုပ်ပေးနိုင်ပါတယ်။ အိမ်ရာတွေကို ထုတ်လုပ်ပေးတဲ့နေရာမှာ ကဏ္ဍနှစ်ခုရှိပါတယ်။ အစိုးရကနေပြီး PPP နဲ့ ထုတ်လုပ်နေတဲ့ အိမ်ရာတွေနဲ့ ပုဂ္ဂလိကကဏ္ဍကနေပြီး ထုတ်လုပ်နေတဲ့ အိမ်ရာတွေလည်း ရှိနိုင်ပါတယ်။ ဒီကဏ္ဍနှစ်ခုစလုံး ဒီနေရာမှာ တဖြည်းဖြည်းချင်း ပေါင်းစပ်ညှိနှိုင်းပေးပြီးတော့ ရန်ကုန်မြို့အတွက် အိမ်ရာအခက်အခဲ ဖြစ်နေတဲ့သူတွေအားလုံးကို ဖြေရှင်းပေးဖို့ ဖြစ်ပါတယ်" ဟုလည်း ၎င်းကဆိုသည်။

Galleryရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ Yangon Metropolitan Development ကော်မတီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အများပြည်သူများ၏ နေရေးခက်ခဲမှုတွေကို ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။

Yangon City Gallery တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မှုများ၊ အိမ်ရာအရောင်းပြခန်းများ၊ ဈေးကွက်ရှာဖွေရေးပွဲတော်များ၊ နီးနှောဖလှယ်ပွဲများ၊ ဟောပြောပွဲများ၊ အထိမ်းအမှတ်ပွဲများနှင့် မှတ်တမ်းများကို တစ်နေရာတည်းတွင် အစုံအလင် ခင်းကျင်းပြသ၍ ဆက်သွယ်ပညာပေးနိုင်မည့် အစီအမံများကို ပိုမိုလုပ်ဆောင်နိုင်မည်ဟု ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က ဆိုသည်။

[HTTPS://WWW.MMTIMES.COM/NEWS/YANGON-GOVT-OPENS-PROPERTY-CENTRE.HTML](https://www.mmtimes.com/news/yangon-govt-opens-property-centre.html)

## <u>ရခိုင်တွင် ဟိုတယ်နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများအတွက် ကမ်းခြေအသစ်များဖွင့်လှစ်မည်</u>

Myanmar Times, 26 February 2019

ရခိုင်ပြည်နယ်တွင် ကမ္ဘာလှည့်ခရီးသွားလာမှုလုပ်ငန်းရင်းနှီးမြှုပ်မှုများကို ပိုမိုဆွဲဆောင်နိုင်ရန်အလို့ငှာ ဟိုတယ်စီမံကိန်းအသစ်များအတွက် ရခိုင်ကမ်းရိုးတန်းတလျှောက် ကမ်းခြေသစ်များကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့က ဖွင့်လှစ်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးဦးရဲအောင်မိုးက ပြောသည်။



ဝန်ကြီးဌာနသည် ဂျိတ်တော၊ မော်ရန်းနှင့်မောင်ရွှေလေးကမ်းခြေများကို ဟိုတယ်နေရာသစ်များအဖြစ် ဒီဇိုင်းရေးဆွဲထားသည်။ ကမ်းခြေများသည် ရခိုင်ပြည်နယ်တောင်ပိုင်း၊ ငွေမြို့နယ်ရှိ ငပလီကမ်းခြေနှင့် ကမ်းသာယာကမ်းခြေအနီးတွင် တည်ရှိသည်။

၂၀၁၈ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ ပြည်ပဧည့်သည် ၆ သောင်းကျော် ငပလီကမ်းခြေနှင့် မြောက်ဦးသမိုင်းဝင်နေရာများသို့လာရောက်လည်ပတ်ခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် ကမ်းခြေဟိုတယ်စီမံကုန်းများနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများအတွက် အခွင့်အလမ်းများရှိသော်လည်း အတားအဆီးတစ်ခုမှာ မြေဈေးများ ကြီးမြင့်လွန်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးမကောင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူက ပြောခဲ့သည်။

[https://www.mmtimes.com/news/rakhine-opens-new-beaches-hotel-tourism-investments.html](https://www.mmtimes.com/news/rakhine-opens-new-beaches-hotel-tourism-investments.html)

## <u>အလုပ်ပေါင်း သုံးသောင်းကျော် ဖန်တီးပေးနိုင်မယ့် ရင်းနှီးမြှုပ်နှံမှု (၇) ကို MIC အတည်ပြု</u>

The Global New Light of Myanmar, 21 February 2019



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အစည်းအဝေးခန်းမ၌ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၀ ဦးမှ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဘယ်လ်ဂျီယံနိုင်ငံမှ မျိုးရင်းကြက်မွေးမြူထုတ်လုပ်ရေး၊ တရုတ်နိုင်ငံမှ contract farming စနစ်ဖြင့် စပ်မျိုးစပါးများ စိုက်ပျိုးခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းလုပ်ငန်း၊ ဟောင်ကောင်

မှ CMP စနစ်ဖြင့် စက်ထိုးအထည်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကိုရီးယားနိုင်ငံမှ စက်မှုဇုန် တည်ထောင်လည်ပတ်ခြင်းလုပ်ငန်း( အဆင့်၁ )၊ ဟောင်ကောင်မှ ၉၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ထိုင်းနိုင်ငံမှ လက်လီလက်ကားရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် စင်ကာပူနိုင်ငံမှ လက်လီရောင်းဝယ်ခြင်းနှင့် ကုန်သိုလှောင်မှုလုပ်ငန်းတို့ကို ခွင့်ပြုပေးခဲ့သည်။

အထက်ပါလုပ်ငန်း ခုနစ်ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၆၂၉ သန်းရှိပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၅၇၂ ဦး ဖန်တီးပေးနိုင်မည်ဖြစ်သည်။

HTTP://WWW.GLOBALNEWLIGHTOFMYANMAR.COM/MYANMAR-INVESTMENT-COMMISSION-APPROVES-SEVEN-INVESTMENT-PROPOSALS-WHICH-WILL-CREATE-OVER-3500-JOB-OPPORTUNITIES/

## ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းသည် မြန်မာနိုင်ငံအတွက် အကျိုး ဖြစ်ထွန်းစေမည့်အခွင့်အလမ်းများပေါ် ပေါက်လာစေနိုင်

Myanmar Business Today, 27 February 2019

ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီလတွင် နေပြည်တော်၌ ကျင်းပခဲ့ရာကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ သတင်း ထုတ်ပြန်ခဲ့သည်။



ပထမအကြိမ်ကျင်းပသည့် အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံသည် ပထဝီ အနေအထားအရ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မဟာ ဗျူဟာကျသည့် နေရာ၌တည်ရှိနေသည့်အတွက် ပါဝင်ဆောင်ရွက်သွားရန်ရှိကြောင်း၊ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွက်သာမကဒေသအတွက်ကိုပါ အကျိုး ဖြစ်ထွန်းစေမည့်အခွင့်အလမ်းများပေါ် ပေါက်လာ စေနိုင်ကြောင်း ပြောကြားခဲ့သည်ဟု ထုတ်ပြန်ထားသည်။

အဆိုပါ အစည်းအဝေးသို့ ဦးဆောင်ကော်မတီ၏ ဒုတိယ ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

https://www.mmbiztoday.com/articles/belt-and-road-initiative-brings-opportunity-myanmar-myanmar-state-counselor

## ရန်ကုန် တိရစ္ဆာန် ဥယျာဉ်၌ ဆင်ပြတိုက် ဖွင့်လှစ်မည်

The Irrawaddy, 26 February 2019

မြန်မာနိုင်ငံတွင် ဆင်များ တရားမဝင် အသတ်ဖြတ်ခံနေမှုများကို အသိပညာပေးရန်အတွက် ဆင်ပြတိုက်ကို ရန်ကုန် တိရစ္ဆာန်ရုံတွင် ဖွင့်လှစ်သွားမည် ဖြစ်သည်။




ဆင်ပြတိုက်ကို မတ်လ ၃ ရက်တွင် ကျရောက်မည့် ကမ္ဘာ့တောရိုင်း တိရစ္ဆာန်များနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ သဘာဝသမိုင်းပြတိုက်တွင် ဖွင့်လှစ် သွားမည် ဖြစ်သည်။

ယင်းပြတိုက်၌ ဆင် အရိုးစုနှင့် အစိတ်အပိုင်းများ၊ ဆင်များ အကြောင်းအရာ များစွာကို ရုပ်သံ ပြကွက်များဖြင့် ပြသခြင်း၊ ကိုင်တွယ် ထိတွေ့ ကြည့်ရှုနိုင်သည့် ပြကွက်များလည်း ပါဝင်ပြသမည် ဖြစ်သည်။

သစ်တော ဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက် တိရစ္ဆာန် ထိန်းသိမ်းရေး ဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က "ဖမ်းဆီးရမိတဲ့ အစိတ်အပိုင်းတွေကို ဒီလိုမျိုး မီးရှို့ ဖျက်ဆီးရတာ အင်မတန်မှ နမြောဖို့ ကောင်းပါတယ်။ ကျနော်တို့အနေနဲ့ ကောင်းမွန်တဲ့ အစိတ်အပိုင်းတွေကို အခုလို ဆင်ပြတိုက်မှာ သစ်တော ဦးစီးဌာနနဲ့ ပညာပေးပြခန်းတွေမှာ ထားရှိပြီးတော့ အများပြည်သူ လေ့လာနိုင်အောင် ပြသမှာဖြစ်ပါတယ်။ အဲဒီထဲကမှ ကျန်ရှိသည့် အစိတ်အပိုင်းများကို မီးရှို့ ဖျက်ဆီးမှာ ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ယင်းပြတိုက်ကို သစ်တော ဦးစီးဌာနမှ တာဝန်ယူ ထိန်းသိမ်း၍ ဖွင့်လှစ်သွားမည် ဖြစ်ကာ ကမ္ဘာလုံး ဆိုင်ရာ သဘာဝ ပတ်ဝန်းကျင် ရန်ပုံငွေ အဖွဲ့ (WWF-Myanmar) မှ ငွေကြေး ပံ့ပိုးထားခြင်း ဖြစ်ကြောင်း သိရသည်။

သစ်တော နယ်မြေအတွင်း ကျက်စားနေသော တောရိုင်းဆင်များအား ထိန်းသိမ်း ကာကွယ်နိုင်ရန်၊ ဆင်နှင့် လူ ပဋိပက္ခ ဖြစ်ပွားမှုများကို လျော့နည်းစေရန်၊ တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှု၊ ဆင်နှင့် ဆင် အစိတ်အပိုင်းများအား တရားမဝင် ကူးသန်း ရောင်းဝယ်နေမှုများ တားဆီး နှိမ်နင်းရေးလုပ်ငန်းများတွင် လူထု ပူးပေါင်း ဆောင်ရွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ရန်ကုန်တိုင်း ဒေသကြီး၊ သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောသည်။

ဆင်ပြတိုက်သည် မြန်မာနိုင်ငံတွင် ပထမဆုံး ဖွင့်လှစ် ပြသခြင်း ဖြစ်ကာ မြန်မာ့ သမိုင်းတွင် တောရိုင်း ဆင်နှင့် အိမ်မွေး ဆင်များ၏ အရေးပါသော အခန်းကဏ္ဍကို ပြသသွားမည် ဖြစ်သည်။ဆင်ပြတိုက်သို့ လာရောက်လေ့လာမည့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ အတွက် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စီစဉ်ထားရှိပြီး မည်သူမဆို လာရောက် လေ့လာနိုင်ရန် ဝိတ်ရက် မရှိ ဖွင့်လှစ်ထားမည် ဖြစ်ကြောင်း သိရသည်။

https://www.irrawaddy.com/news/burma/myanmars-1st-elephant-museum-open-next-month.html

## မြေနှင့်ပစ္စည်းဥစ္စာ

**မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေက ပူပန်မှုများကို ဖြေရှင်းနိုင်ခြင်း မရှိသေး**

The Irrawaddy, 21 February 2019

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြန်လည်ပြင်ဆင်ထားသော ဥပဒေ □၂၀၁၈□ ပါ အမျိုးအစားမြေယာများကို စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးပြုလိုပါက မှတ်ပုံတင်ရန် ခွင့်ပြုထားသည့် သတ်မှတ်ကာလ ၆ လသည် မတ်လ ၁၁ ရက်နေ့ တွင် ကုန်ဆုံးမည်ဖြစ်သည်။



ပြည်ထောင်စုလွှတ်တော်က ထိုပြင်ဆင်ချက်ဥပဒေကို ယမန်နှစ် စက်တင်ဘာလက အတည်ပြုခဲ့ပြီးနောက် တလကျော်အကြာ တွင် ထိုဥပဒေပြဌာန်းချက်ကို ပြည်သူများ ပိုမိုသိရှိစေရန် အစိုးရ သည် နိုင်ငံပိုင်မီဒီယာများမှတဆင့် ဖော်ပြပြီး ပြည်သူများကို မြေ ယာ မှတ်ပုံတင်ရန် တိုက်တွန်းခဲ့သည်။ သို့သော် မြေလွတ် မြေလပ် မြေရိုင်း စီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေများ အတိအကျ မရှိသေး ပေ။

ထိုဥပဒေပြဌာန်းချက်သည် မျှတမှုမရှိဟု တိုင်းရင်းသားလူနည်းစုများ၏ မြေယာပိုင်ဆိုင်မှုကို ခြိမ်းခြောက်မှုအဖြစ် ဝေဖန်မှုများ ထွက်ပေါ်လာခဲ့သည်။ လူနည်းစုတိုင်းရင်းသားများသည် ရိုးရာဓလေ့ ထုံးတမ်း အစဉ်အလာ မြေယာလုပ်ပိုင်ခွင့် ကျင့်သုံးပြီး ဥပဒေအရ မြေယာလုပ်ပိုင်ခွင့် မရှိထားသည်ကများသောကြောင့် ၎င်းတို့ မြေယာ ဆုံးရှုံးရမည်ကို စိုးရိမ်ကြသည်။

ချင်းတိုင်းရင်းသားများသည် ချင်းပြည်နယ်အတွင်းရှိမြေယာများ၏ မူလပိုင်ရှင်များဖြစ်ကြောင်းနှင့် ဤသည်ကို ဌာနေချင်းတိုင်းရင်း သားများ၏ သဘောထားမပါဘဲ ပြင်ဆင်ပြောင်းလဲ၍ ရမည်မဟုတ်ကြောင်း CLAN ၏ ပြောခွင့်ရသူ မန်ဇခုပ် ကပြောသည်။ ချင်းတိုင်းရင်းသားများသည် ပြည်နယ်အတွင်းရှိ ဘိုးဘပိုင်မြေပေါ်တွင် နေထိုင်လုပ်ကိုင်နေသည်မှာ နှစ်ပေါင်းထောင်ချီကြာမြင့်ပြီ ဖြစ်ကြောင်းနှင့် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေနှင့် ထိုဥပဒေပြင်ဆင်ချက်ဖြစ်သည့် ၂၀၁၈ ဥပဒေတို့ သည် ၎င်းတို့၏ ဘိုးဘွားပိုင်မြေများကို ဆုံးရှုံးရစေမည်ကြောင်း ဧရာဝတီ သတင်းဌာနသို့ ၎င်းက ပြောဆိုသည်။

အလားတူစွာပင် ကရင်၊ ကချင်၊ ရှမ်း၊ ချင်း၊ ကရင်နီနှင့် မွန်တိုင်းရင်းသား မြေယာလှုပ်ရှားမှုကွန်ရက်များနှင့် ရာနှင့်ချီသော လူထုအခြေပြုအဖွဲ့အစည်းများကလည်း ထိုဥပဒေအပေါ် စိုးရိမ် ပူပန်မှုများကို ထုတ်ဖော်ပြောဆိုထားကြသည်။

KNU သစ်တောဌာန တာဝန်ခံ ဖဒိုမန်းဘထွန်းက KNU အနေဖြင့် မြေယာမူဝါဒနှင့်ပတ်သက်၍ အစိုးရနှင့် ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်သွားမည်ဟု ဆိုသည်။ မြေယာလုပ်ပိုင်ခွင့် သတ်မှတ်ရာတွင် အစိုးရက နိုင်ငံတော်ပိုင် မူဝါဒအတိုင်းဆောင်ရွက်ပြီး KNU က ကရင်တိုင်းရင်းသားလူထုပိုင် မြေယာမူဝါဒအရ ချဉ်းကပ်သောကြောင့် ဖြစ်သည် ဟု ၎င်းကဆိုသည်။

တိုင်းရင်းသားဒေသများမှ ပြည်သူအများအပြားသည် ဘိုးဘွားပိုင်မြေ၊ ရပ်ရွာပိုင်သစ်တောနှင့် ရွှေပြောင်း လယ်ယာပိုင်ဆိုင်မှု အပါအဝင် မြေယာကို အများခွဲဝေပိုင်ဆိုင်မှု နည်းလမ်းအတိုင်းကိုသာ ဆက်လက် ကျင့်သုံးလိုကြသည်။

**မည်သည့်ဥပဒေပြင်ဆင်ချက်က စိတ်ပူပန်မှု ဖြစ်စေသနည်း။**

ဓလေ့ထုံးတမ်းအစဉ်အလာ လုပ်ပိုင်ခွင့်အောက်ရှိ မြေယာများ မှတ်ပုံတင်ရန်မလိုဟု ပြင်ဆင်ချက်ဥပဒေတွင် ပါရှိသည်။ ၂၀၁၈ ခုနှစ် ပြင်ဆင်ချက် ဥပဒေ အပိုဒ် ၃၀ အရ မှတ်ပုံတင်ရမည့် မြေယာများတွင် “(ခ) ဒေသခံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ သတ်မှတ်မြေများ (ဂ) အများပြည်သူ နှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ အတွက် လက်ရှိအသုံးပြုထားသည့် မြေများ”သည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် မြေအားလုံးကို ၂၀၀၈ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေအရ နိုင်ငံတော်က ပိုင်ဆိုင်ပြီး မြေအသုံးပြုသူတိုင်းသည် မြေစာရင်းဌာနတွင် မှတ်ပုံတင်ကြရသည်။

မြေလွတ်မြေလပ် မြေရိုင်းများ အသုံးပြုခွင့်အတွက် မှတ်ပုံတင်ရာတွင် စိုက်ပျိုးရေးဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၁၈ ခုနှစ်မေလအထိ တောင်သူ ၅.၉ သန်းအတွက် မြေဧက ၂၄.၈၆ သန်းကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များ ထုတ်ပေးပြီးဖြစ် သည်ဟု သိရသည်။

ပြင်ဆင်ချက်ဥပဒေအရ မြေလွတ်၊ မြေလတ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသည် မြေဧက ၃၀၀၀ မှ ၃၀၀၀၀ အထိကို နှစ်ရှည်သီးနှံ၊ ဥယျာဉ်ခြံ နှင့် စက်မှုကုန်ကြမ်းသီးနှံစိုက်ရန် ချထားပေးခွင့်ရှိသည်။ မူလဥပဒေက ဧက ၅၀၀၀ မှ ၅၀၀၀၀ အထိ ခွင့်ပြုထားသည်ကို ပြင်ဆင်ချက်တွင် လျှော့ချလိုက်ခြင်း ဖြစ်သည်။ မြေယာလုပ်ပိုင်ခွင့်ကို နှစ် ၃၀ အထိ ခွင့်ပြုနိုင်သည်။

အသေးစားလုပ်ကွက်ငယ် တောင်သူများအနေဖြင့်လည်း မိသားစု တနိုင်တပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် မြေဧက ၅၀ အထိလျှောက်ထားနိုင်သည်ဟု ဥပဒေတွင် ပြဋ္ဌာန်ထားသည်။

မှတ်ပုံတင်ရန် ပျက်ကွက်ကာ ခွင့်ပြုမိန့်မရှိဘဲ မြေလွတ် မြေလပ် မြေရိုင်းများတွင် စိုက်ပျိုးလုပ်ကိုင်နေခြင်း သို့မဟုတ် ဝင်ရောက်နေ ထိုင်နေသူများကို တွေ့ရှိပါက ကျူးကျော်သူများအဖြစ် သတ်မှတ်မည်ဖြစ်ပြီး ထောင် ၂ နှစ်အထိ သို့မဟုတ် ငွေဒဏ် ကျပ် ၅ သိန်း အထိ ဖြစ်စေ၊ ဒဏ် နှစ်ရပ်စလုံးဖြစ်စေ ချမှတ်မည်ဟု ထိုဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ပြင်ဆင်ချက် ဥပဒေနှင့်ပတ်သက်ပြီး ကျေးလက်ပြည်သူများ သိရှိမှု အားနည်းသောကြောင့် သတင်းအချက်အလက်ရရှိစေရေး အတွက် ဝန်ကြီးဌာနက အကောင်းဆုံးကြိုးစားလုပ်ကိုင်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယအ မြဲတမ်း အတွင်းဝန် ဦးမျိုးတင့်ထွန်းက ဧရာဝတီ သတင်းဌာနသို့ မကြာသေးမီက ပြောဆိုထားသည်။

https://www.irrawaddy.com/opinion/rising-public-concern-vacant-land-law-amendment-goes-unaddressed.html

## တရားဥပဒေနှင့် အုပ်ချုပ်မှု

**ဖွဲ့စည်းပုံအခြေခံဥပဒေ□၂၀၀၈□ပြင်ဆင်ရေး ပူပေါင်းကော်မတီအစည်းအဝေးကျင်းပ**

The Global New Light of Myanmar, 21 February 2019

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ ပထမဆုံးအ

ကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဖွဲ့စည်းပုံအခြေခံဥပဒေ( ၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ( ၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

http://www.globalnewlightofmyanmar.com/joint-committee-to-amend-constitution-2008-holds-first-meeting/

**<u>၂၀၁၉ ခုနှစ် ဒီဇင်ဘာအထိ အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ကောက်ယူရရှိသည့်ရန်ပုံငွေများအနက် ကျပ်သန်းပေါင်း ၃၀၀၀ ကျော်ကို NLD ပါတီ မြို့နယ်ရုံးများ ဖွင့်လှစ်ရေးနှင့် တိုင်း၊ ပြည်နယ်အဆင့် ရုံးများအတွက် အသုံးပြုမည်</u>**

Myanmar Times, 25 February 2019

၂၀၁၉ ခုနှစ် ဒီဇင်ဘာအထိ အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ကောက်ယူရရှိသည့် ရန်ပုံငွေများအနက် ကျပ်သန်းပေါင်း ၃၀၀၀ ကျော်ကို NLD ပါတီ မြို့နယ်ရုံးများ ဖွင့်လှစ်ရေးနှင့် တိုင်း၊ ပြည်နယ်အဆင့် ရုံးများအတွက် အသုံးပြုမည်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် N L D ပါတီ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။




မိမိတို့တာဝန်ယူပြီးနောက် သုံးနှစ်တာကာလတွင် အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ၂၅ ရာခိုင်နှုန်း သောရန်ပုံငွေသည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်အထိ ကျပ်သန်းပေါင်း ၃၆၆၇ ရှိလာပြီဖြစ်ကြောင်း ဒေါက်တာဇော်မြင့်မောင်ကပြောကြားသည်။

"ပြောချင်တာက ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိမှာ ကျွန်တော် တို့ သန်းပေါင်း ၅၈၈၀ ရှိပါလိမ့်မယ်။ ရှိလာမယ်။ ရအောင် လည်း ကောက်မှာပါ။ ကိုယ်စားလှယ်တွေက မပေးလို့မရဘူး။ ပေးကို ပေး ရမယ်။ ၅၈၈၀ ရှိပါတယ်။ အဲဒီထဲက ကျွန်တော်တို့ မြို့နယ် ၁၉၆ မြို့နယ်မှာ ရုံးတွေ မဖွင့်ရသေးဘူး။ အဲဒီ ၁၉၆ မြို့နယ်ကို သိန်း ၁၅၀ စီနဲ့ ထောက်ပံ့မယ်။ နောက်တစ်ခါ တိုင်းနဲ့ ပြည်နယ်အဆင့် ရုံးတွေကို ထောက်ပံ့ဖို့က ကျွန်တော်တို့ တိုင်းနဲ့ ပြည်နယ်အဆင့်အတွက် သိန်း ၇၀၀ ပေးပါတယ်။ မြို့နယ်ကို သိန်း ၁၅၀ ပေးပါတယ်။ အဲဒီတော့ ကျန်တဲ့ဟာတွေ ပေးဖို့အတွက်က ဘယ်လောက် ကုန်မလဲဆိုရင် သန်း ၃၁၅၀ ပဲရှိပါတယ်။ ကျွန်တော်တို့ဆီမှာ သန်းပေါင်း ၅၈၈၀ ရှိတော့ သန်း ၂၀၀၀ ကျော်လောက် ပိုပါတယ်။ အဲဒီသန်း ၂၀၀၀ ကျော်ထဲက ကျွန်တော်တို့က ခရီးစရိတ်နဲ့ နေ့တွက် စရိတ်ပေးပါမယ်ဆိုပြီး ကတိပေးလိုက်ပါတယ်။ ၂၀၂၀ ဇန်နဝါရီ ၁ ရက်က စပေးပါမယ်" ဟု ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

ဆုံးဖြတ်ချက်များမှာ □၁□ စွမ်းရည်မြှင့် သင်တန်းများကို လိုအပ်ချက်များအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်။ □၂□ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှစ၍ ပါတီစည်းရုံးရေး လုပ်ငန်းစဉ်များအတွက် ခရီးစရိတ်နှင့် နေ့တွက်စရိတ်များ ထောက်ပံ့ပေးမည်။ □၃□ ဗဟိုကော်မတီဝင်များ၏ အခန်းကဏ္ဍသည် ပါတီ၏ မူဝါဒများ ချမှတ်ရာတွင် အဓိကဦးဆောင်သူများဖြစ်သလို အဓိကတာဝန်လည်းဖြစ်သည်။ နိုင်ငံရေးဦးဆောင်မှု ကဏ္ဍတွင် ဗဟိုကော်မတီဝင်များက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး ညီလာခံမှ ဆုံးဖြတ်ချက်များကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သည်။ □၄□ လယ်ယာမြေ သိမ်းဆည်းခံရမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များနှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီတို့တွင် ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်များကို လျင်မြန်စွာ ဆောင်ရွက်ရန် တိုက်တွန်းပေးမည်။ □၅□ ဗဟို

အလုပ်အမှုဆောင်အဖွဲ့များအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကွင်းဆင်း၍ ပါတီ၊ လွှတ်တော်၊ အစိုးရတွေ့ဆုံမှုများတွင် ပါဝင်ဆောင်ရွက်သွားမည်နှင့် □၆□ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းမည်ဆိုသည့် အချက်တို့ဖြစ်သည်။

https://www.mmtimes.com/news/nld-cuts-salaries-mps-ministers-saves-nearly-k6b.html

# ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

## ပဏာမ အပစ်ရပ်စာချုပ် ချုပ်လိုကြောင်း အစိုးရကို မြောက်ပိုင်း မဟာမိတ် အဆိုပြု

The Irrawaddy, 26 February 2019

အပစ်အခတ်ရပ်စဲရေးအတွက် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့ အတူတွဲ၍ အစိုးရနှင့် ပဏာမ အပစ်ရပ်စာချုပ် (Bilateral) များ ချုပ်ဆိုလိုကြောင်း အစိုးရဘက်ကို အဆိုပြုလိုက်သည်ဟု မြောက်ပိုင်းမဟာမိတ်အဖွဲ့များ ထံမှ သတင်းရရှိသည်။



မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့ဖြစ်သည့် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) ၊ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် (MNDAA) ၊ တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)၊ ရက္ခိုင့် တပ်မတော် (AA) တို့သည် အစိုးရ၏ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) မှ ကိုယ်စားလှယ်များနှင့် ဖေဖော်ဝါရီလ ၂၅ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့တွင် အလွတ်သဘော ဆွေးနွေးပွဲတရပ် ပြုလုပ်ခဲ့သည်။

ထိုဆွေးနွေးပွဲအပြီးတွင် TNLA ၏ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူး မိုင်းအိုက်ကျော်က ၎င်းတို့ မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့အနေဖြင့် Bilateral စာချုပ်များကို ၄ ဖွဲ့ အတူတကွ ထိုးလိုကြောင်း NRPC ဘက်သို့ အဆိုပြုလိုက်သည်ဟု ဧရာဝတီကို ပြောဆိုခြင်း ဖြစ်သည်။

ဗိုလ်မှူး မိုင်းအိုက်ကျော် က "အဓိက ကတော့ ကျနော်တို့ဘက်က Bilateral ထိုးမယ်ဆိုရင် ၄ ဖွဲ့ တပြိုင်တည်း ထိုးချင်တယ်။ အဆိုပြုချက်ပေါ့။ သူတို့ဘက်ကတော့ အထက်ကို ယူသွားပြီး ပြန်တင်ပြမယ် ဆိုပြီးတော့ ပြောပါတယ်။ အဲ့လောက်ပါပဲ" ဟု ပြောသည်။

"မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့မှ ပဏာမအပစ် အခတ်ရပ်စဲရေးအတွက် Bilateral စာချုပ်များ လက်မှတ် ရေးထိုး လိုပြီး NRPC ဘက်မှ Bilateral ထက် ကတိကဝတ်စာချုပ်တခု (Deep Of Commitment) ကို သဘောတူ လက်မှတ်ထိုးပြီး တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ရေးထိုး စေလိုကြောင်း ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသည်ဟုလည်း သိရသည်။

အမည်မဖော်လိုသည့် တိုင်းရင်းသားခေါင်းဆောင်တဦးက ကူမင်းအစည်းအဝေးတွင် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့နှင့် NRPC ကိုယ်စားလှယ်များ အကြား အပစ်ရပ်စာချုပ်များ ချုပ်ဆိုနိုင်ရေး အလွတ်သဘော ညှိနှိုင်းသော် လည်း နစ်ဖက် ဆောင်ရွက်လိုသည့် အခြေအနေများ မတူညီသဖြင့် နစ်ဖက် အထက်ခေါင်းဆောင်များကို ပြန်လည် တင်ပြမည်ဟူသည့် သဘောတူညီမှုဖြင့် ဆွေးနွေးမှုကို အဆုံးသတ်လိုက်သည်ဟု ဆိုသည်။

NRPC ဘက်မှ ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော်အတိုင်ပင်ခံဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်မောင်တင့်၊ ငြိမ်းချမ်းရေး ကော်မရှင် ဒုတိယဥက္ကဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ အဖွဲ့ဝင်များ ဖြစ်သည့် ဦးအောင်စိုးနှင့် ဦးလှမောင်ရွှေတို့ သွားရောက် ဆွေးနွေးခဲ့ကြသည်။

https://www.irrawaddy.com/news/burma/rebel-group-alliance-proposes-ceasefire-myanmar-military.html

## အခြား

**<u>မဲကနယ်ရွာရှိ မြေယာအငြင်းပွားမှုရှိသည့် လူမနေ ယာယီအိမ်ခြံမြေများကို စတင်ရှင်းလင်း</u>**

Myanmar Times, 25 February 2019

ပြည်နယ်အစိုးရ၊ နယ်ခြားစောင့်တပ် (BGF)နှင့် ကရင်လက်နက်ကိုင် □၃□ဖွဲ့ပါဝင်သည့် တာဝန်ရှိသူများ ညှိနှိုင်း ဆွေးနွေးသဘော တူညီချက်များအရ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အတွင်း မဲကနယ်ကျေးရွာ အနီးရှိ ဖြစ်ပေါ် နေသည့် မြေယာပြဿနာများကို ဖြေရှင်းရန် ၎င်းဒေသရှိ လူမနေသည့် ယာယီတဲအိမ်ကလေးများကို ယနေ့ စတင်ရှင်းလင်းနေသည်ဟု တာဝန်ရှိသူများက ပြောသည်။

ယခင် ရွှေမြစန္ဒီအိမ်ယာစီမံကိန်းအကြောင်းပြချက်ဖြင့် ဒေသခံရွာသားများ၏ လယ်ယာမြေများကို (DKBA)မှ ဗိုလ်ညီညီဆိုသူက သိမ်းယူခဲ့ပြီး မြေကွက်များကို အကွက်ချရောင်းစားခဲ့ခြင်းအပေါ် တာဝန်ရှိသူများမှ ဖြေရှင်း ပေးရန် တောင်းဆိုထားမှုများအရ ပြည်နယ်အစိုးရက ဦးဆောင်၍ KNU-ကရင်အမျိုးသားအစည်းအရုံး၊ ဒီမိုက ရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA)၊ KNU/KNLA –PC (ငြိမ်းချမ်းရေးကောင်စီ) နှင့် (BGF)တို့မှ ဝင်ရောက်ရှင်းလင်းနေခြင်းဖြစ်သည်ဟု KNU မှ ဗိုလ်မှူး စောရန်နိုင်က ပြောသည်။

"လက်ရှိဒီအနေအထားတစ်ခုလုံးကို ပြည်နယ်အစိုးရ ဝန်ကြီးချုပ်အနေနဲ့ တရားဝင်မှု လမ်းကြောင်းပေါ် ဆွဲသွင်း ပြီးတော့ အမှန်တကယ် နစ်နာတဲ့သူတွေ ထိခိုက်နစ်နာမှုမရှိအောင် ပြန်ဆောင်ရွက်ပေးပြီးတော့မှ အား လုံးကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးမဲ့ အစီအစဉ်ပဲဖြစ်တယ်။"ဟု ဗိုလ်မှူး စောရန်နိုင်က ကေအိုင်စီသို့ ပြောသည်။

ညှိနှိုင်းထားမှုအစီအစဉ်အရ လက်ရှိ ၎င်းမြေနေရာတွင် ပုံစံအမျိုးမျိုးဖြင့်ဝင်ရောက်နေထိုင်သူများကို တရားဝင်ပုံစံဖြစ်စေရန် အခိုင်အမာနေထိုင်သူများအား ဆက်လက်နေထိုင်ခွင့်ပြုထားအုံးမည်ဖြစ်သလို အကွက်မြေပေါ်တွင် အဖြစ်သဘော ဆောက်ထားပြီး လူမနေသည့် နေအိမ်များနှင့် ခြံစည်းရိုးများကို ပထမအဆင့်အနေဖြင့် ရှင်းလင်းသွားမည်ဖြစ်သည်ဟု ဗိုလ်မှူး စောရန်နိုင်က ဆက်ပြောသည်။

ထိုနောက် ၎င်းမြေပေါ်တွင် ဝင်ရောက်နေထိုင်သူများအတွက် စနစ်တကျ နေရာပြန်လည်ချထားသွား နိုင်ရန် အ စိုးရနှင့်သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးပါဝင်သည့် အဖွဲ့စုံ၏ ညှိနှိုင်းဆွေးနွေးမှု ရလဒ်နှင့်အညီ ဒုတိယအဆင့်အနေဖြင့် စီစဉ်ဆောင်ရွက်သွားမည်ဟုလည်း ဗိုလ်မှူးစောရန်နိုင်က ဖြည့်စွက် ပြောသည်။

လတ်တလော ပြဿနာ ဖြစ်ပေါ်နေသည့် မြေနေရာတွင် ပုံစံ ( ၇) ရ မြေ၊ သစ်တော ပယ်ဖျက် မြေ၊ ဖုန်မြေနှင့် သစ်တောမပယ်ဖျက် ရသေးသော သစ်တောမြေဟူ၍ မြေယာအမျိုးအစား ( ၄) မျိုးနေရာတွင် ဖြစ်ပြီး DKBA ဗိုလ် ညီညီဆိုသူထံမှ ဝယ်ယူထားသည့် စာရွက်စာတမ်းများသည် တရားဝင်မှုမရှိခြင်းကြောင့် ၎င်းစာရွက်စာတမ်းများဖြင့်တစ်ဆင့်ခံ ပြန်လည်ဝယ်ယူသူများကို အမှန်တကယ်နစ်နာသူများဖြစ်ပါက ပြည်နယ်အစိုးရမှ နစ်နာမှုမရှိ အောင် ဆောင်ရွက်ပေးသွားရန် စဉ်းစားထားချက်များလည်းရှိသည်ဟု တာဝန်ရှိသူများဘက်က ဆိုသည်။

ဒေသခံရွာသားများ၏ လယ်ယာမြေများကို လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်၊ နှစ်ကုန်ပိုင်းခန့်တွင် (DKBA)မှ ဗိုလ်ညီညီ ဆိုသူက သိမ်းယူခဲ့ပြီး မြေကွက်များကို အကွက်ချရောင်းစားခဲ့ခြင်းအပေါ် ပြန်လည်ရရှိရေးအတွက် တာဝန်ရှိသူများမှ ဖြေရှင်းပေးနိုင်ရန်ရည်ရွယ်၍ ယခင် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ရက်နေ့တွင် ဒေသခံရွာသားများက လမ်း လျှောက်ချီတက် ဆန္ဒထုတ်ဖော်ခဲ့မှုဖြစ်ပွားခဲ့သလို အဆိုပါ ဆန္ဒထုတ်ဖော်မှုအား တန်ပြန်ဆန္ဒထုတ်ဖော်မှု တစ်ရပ် ဖြစ်ပွားခဲ့သေးသည်။

၂၀၁၃ ခုနှစ်မှ စတင်၍ အစိုးရ၏ အိမ်ရာစီမံကိန်းဟု အကြောင်းပြချက်ဖြင့် ယခင် မဲကနယ်ရွာဟောင်း မြေဖြစ် သည့် မြေကေပေါင်း ၃၁၇ ဒသမ ၇၁ ဧကခန့် သိမ်းဆည်းခံခဲ့ရပြီးနောက် မြေကွက်တစ်ကွက်အား ကျပ်ငွေ ၁၀ ၀,၀၀၀ (တစ်သိန်း)မှ ၅၅၀,၀၀၀ (ငါးသိန်းခွဲ)ဈေးနှုန်းဖြင့် အကွက်ချရောင်းချခဲ့ခြင်းဖြစ်သည်။ ဒေသခံများ ကောက်ခံထားသည့် စာရင်းများအရ မြေယာသိမ်းဆည်းခံရသူ ဒေသခံရွာသား ၁၇ ဦး ရှိသည်ဟု ဒေသခံများ ဘက်က ဆိုသည်။

https://www.mmtimes.com/news/kayin-starts-demolishing-dkba-houses-myawady.html

**<u>ဖွဲ့စည်းပုံ ပြင်ဆင်ရေး ညီညွတ်စွာ ပူးပေါင်း ပါဝင်ရန် ထောက်ခံပွဲက တိုက်တွန်း</u>**

The Straits Times, 28 February 2019



ရန်ကုန် မြို့တော် ခန်းမရှေ့၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး ပူးပေါင်း ကော်မတီ အား ထောက်ခံ ဆန္ဒ ထုတ်ဖော်ပွဲတွင် တရားမျှတမှု မရှိသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ပြင်ဆင်ရေးကို ညီညွတ်စွာ ပူး ပေါင်း ပါဝင်ကြရန် ဦးဆောင်သူများက တိုက်တွန်းကြသည်။အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က ဦးဆောင်သည့် ကိုယ်စားလှယ် ၄၅ ဦးပါ ဖွဲ့စည်းပုံ ပြင်ဆင်ရေး ကော်မတီကို ပြည် ထောင်စု လွှတ်တော်က ဖေဖော်ဝါရီ ၁၉ ရက်တွင် အတည်ပြု ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ပွဲကျင်းပရေး ဦးဆောင် အဖွဲ့ဝင် ဦးယဉ်ထွေးက“ထိရောက်တဲ့ ဒီမိုကရေစီ နိုင်ငံဖြစ်စေချင်လို့ ကော်မတီကို ထောက်ခံတာ၊ လက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ကတော့ ထိရောက်တဲ့ ဒီမိုက ရေစီ နိုင်ငံ မဖြစ်နိုင်ပါဘူး။ ကော်မတီကို အများကြီး မျှော်လင့် တယ်”ဟု ဆိုသည်။

အဆိုပါ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး ကော်မတီအား ထောက်ခံကြောင်း ဆန္ဒ ထုတ်ဖော်ပွဲသို့ ပြည်သူ ရာနှင့်ချီကာ တက်ရောက်ခဲ့သည်ကို တွေ့ရပြီး “နိုင်ငံ အနာဂတ် လုပရေး ၂၀၀၈ ခြေ/ဥ အမြန်ပြင်ပေး” ဟူသည့် ကြွေးကြော်မှုများ လည်း ပြုလုပ်ခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော နိုင်ငံတော်၏အခြေခံမူများ အနက် အမျိုးသား နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည် သည်ဟု ချမှတ်ထားခြင်း နှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၏ အရည်အချင်းများတွင် စစ်ရေးအမြင်ရှိရမည် ဟူသောအ ချက်များ ထည့်သွင်းထားသည့်ပုဒ်မ များကို ပြင်ရန်လိုအပ်ကြောင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ရေးကြေညာချက်၌ ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင်လည်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၂၀၀ နီးပါး က ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေးအား ကြိုဆိုထောက်ခံပွဲကို ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်လာလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အာဏာကိုရယူသုံးစွဲခွင့်ရှိသည့်ဥပဒေနှင့် ဖွဲ့စည်းပုံပြင်ရေးတွင်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်မှ ပြင်ဆင်ရန်သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရမည်ဟု လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားရာ မည်သို့မျှ ပြင်ဆင်ခွင့်မရအောင် သတ်မှတ်ချက်များပါဝင်နေခြင်းဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ရေးကြေညာချက်၌ဆက်လက်ဖော်ပြခဲ့သည်။

https://www.straitstimes.com/asia/se-asia/thousands-rally-in-myanmars-yangon-to-change-army-drafted-constitution

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.